www.xtrapapers.com



Diploma Programme
Programme du diplôme
Programa del Diploma

# Burmese A: literature – Higher level – Paper 1
# Birman A : littérature – Niveau supérieur – Épreuve 1
# Birmano A: literatura – Nivel superior – Prueba 1

Friday 8 May 2015 (afternoon)
Vendredi 8 mai 2015 (après-midi)
Viernes 8 de mayo de 2015 (tarde)

2 hours / 2 heures / 2 horas

---

### Instructions to candidates

- Do not open this examination paper until instructed to do so.
- Write a literary commentary on one passage only.
- The maximum mark for this examination paper is **[20 marks]**.

### Instructions destinées aux candidats

- N’ouvrez pas cette épreuve avant d’y être autorisé(e).
- Rédigez un commentaire littéraire sur un seul des passages.
- Le nombre maximum de points pour cette épreuve d’examen est de **[20 points]**.

### Instrucciones para los alumnos

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario literario sobre un solo pasaje.
- La puntuación máxima para esta prueba de examen es **[20 puntos]**.


© International Baccalaureate Organization 2015

International Baccalaureate
Baccalauréat International
Bachillerato Internacional

www.xtrapapers.com



အောက်ပါတို့အနက်မှ **တစ်ခု**အပေါ် စာပေသုံးသပ်ချက် ရေးပါ

**1.**

လဆန်း ၁၂ ရက်နေ့ညတွင် ပေါ်ထွက်လာသော လမင်းသည် တပေါင်းလ၏ မင်းလွင်မြူမှောင်တွင် ငွေရောင်ခြည်များ ဖြန့်ဆင်းနေသည်။ လရောင် ပက်ဖျန်းအပ်သော မြူမင်းလွင်တို့သည် ထူးထွေသော ပသာဒတစ်မျိုးကို ဆောင်လျက် ရှိသည်။ ထိုလရောင်အောက်တွင် ဆိတ်ငြိမ်စွာ တည်ရှိနေသော သုသာန်ပြင်သည်လည်း အိပ်မက်ထဲ၌ မြင်တွေ့နိုင်သော ရှုမျှော်ခင်း ကလေးကဲ့သို့ တစ်မျိုးအားဖြင့် သာယာနေလေသည်။ ဂူကလေးများလည်း ပြာလဲ့သော အနောက်မျက်နှာ ကောင်းကင်ပြင်ကို ကျောခံကာ ဖြူဖြူဖွေးဖွေး စီတန်းလျက် ရှိကြလေသည်။ သချိုင်း တောင်ဘက်ရှိ ထနောင်းပင်ကြီးသည်ကား ကိုယ်တုံးလုံးနှင့် လူကြီးတစ်ယောက် ဘီလူးက ကနေသောပုံနှင့် တူလေ၏။ ဇရပ်၏ သွပ်မိုးသည် ကောင်းကင်နှင့် တစ်သွေး တစ်ရောင်တည်း ရှိနေ၏။

သုသာန်။ ရှေးအခါက ကြောက်မက်ဖွယ်၊ ငြီးငွေ့ဖွယ် ကောင်းလှသော အရပ်သည် ယခုည၌ သာယာနေသည်မှာ အံ့သြဖွယ် ကောင်း၏။

သို့သော် ထိုမျှသာယာသော သုသာန်သည် တင်မေ၏စိတ်ကို မညှို့နိုင်။ တင်မေ၏ စိတ်သည် ပတ်ဝန်းကျင် လောကဓာတ်တွင် မရှိ။ ၄င်း၏ရှေ့တွင်ရှိသော ဂူကလေးအတွင်းသို့သာ ဝင်ဆံ့နေ၏။ သူသည် သုသာန်၏ ကြောက်ဖွယ်သော ဘဝကိုလည်း မတွေးမိ။ သာယာသော ရှုမျှော်ခင်းကို ကြည့်မျှော်ခံစားရန်ကိုလည်း သတိမရ။ လောကကြီးတွင် အဖိုးတန်ဆုံးသော ရတနာတစ်ခု သိုမှီးထားရာ ထိုဂူသည်သာ တင်မေ၏ စိတ်ကျက်စားရာ ဖြစ်နေတော့၏။

ဂူတွင်း၌ လျောင်းနေသော ရတနာကား မည်သူပါနည်း။

တင်မေသည် ဤမနုဿဘုမ္မိ ဒုက္ခဘုံကြီးတွင် အားကိုးရာမဲ့ရှာသော မုဆိုးမကလေး ဖြစ်နေရှာလေပြီ။ တင်မေသည် ၄င်း၏ ရှေ့ဖြစ်များကို ကြိုတင်၍ တွေးမိလျှင် သူတို့လင်မယားသည် ရှေ့က နှစ်ဘီးတပ် လှည်းယဉ်နှင့် တူသည်ဟု သဘောရမိသည်။ ယခုမူ တစ်ဘီးပြုတ်သွားပြီး ပျက်စီးသွားပြီ ဖြစ်ရကား တစ်ဘီးတည်းနှင့် လှည်းယဉ်ကို ကောင်းစွာသွားရန် မည်သို့ မောင်းရမည်ကို မတွေးဝံ့အောင် ရှိလေ၏။ သို့ကြောင့် တင်မေသည် ရှေ့အဖို့ကို မစဉ်းစားသေးဘဲ သွားလေသူ ခင်ပွန်းသည် မောင်စံညွန့်၏ ဂုဏ်ဂုဏောနှင့် နာမဝိသေသန အမျိုးမျိုးကိုသာ ဆင်ခြင်အောက်မေ့နေတော့၏။

စံညွန့်သည် အသက် သုံးဆယ်နှစ်နှစ်မျှနှင့် လူ့ဘဝကို အဆုံးသတ်ရှာရ၏။ တင်မေကား အသက် ၂၇ နှစ်တွင် မုဆိုးမဖြစ်၍ ကျန်ရစ်ခဲ့ရှာ၏။

စံညွန့်၏အလောင်းသည် ရွာမှစွန့်ပစ်လိုက်သဖြင့် ဤဂူသို့ ရောက်ရှိခဲ့ရှာ၏။ စံညွန့်ကား မှောင်လှသော ဂူတွင်း၌ အဖော်ကင်းမဲ့စွာ လဲလျောင်းရှာချေပြီ။ လူ အလာနည်းသော သုသာန်အတွင်း၌ စွန့်ပစ်ခြင်း ခံရလေပြီ။ ကမ္ဘာ့ အလင်းရောင်ကို မခံစားရရှာတော့ပြီ။ ထိုသို့လျှင် တင်မေသည် တွေးတောပူပန်လေ၏။

တင်မေသည် လက်မှပါလာသော အထုပ်ကို ဖြေ၏။ ဘန်ကောက်လုံချည်ကို ရှေးဦးစွာယူ၍ ဂူပေါ်၌ လွှမ်း၏။ လွှမ်းသော ခဏ၌ သူ၏အဆွေးဓာတ်သည် လျော့ပေါ့လာ၏။ သူသည် ဘန်ကောက်လုံချည်ကို ဝတ်ထားသော စံညွန့်ကို ကောင်းစွာ မြင်နိုင်၏။ ထိုနောက် မဟာညွန့် ပိုးလုံချည်ကို လွှမ်းပြန်၏။ ထိုလုံချည်သည် စံညွန့်၏ သွားပုံလာပုံ၊ စံညွန့်၏ ခေါင်းပေါင်း၊ စံညွန့်၏ ပြုံးပုံ ရယ်ပုံများကို တင်မေ၏ ဉာဏ်မျက်စိတွင်းသို့ ဆောင်ကြဉ်းလာလေ၏။ တရွှမ်းရွှမ်းနှင့် ပိုးလုံချည်သံကို ကြားယောင်ယောင် ရှိနေ၏။ အခြားလုံချည်များကို အခေါက်လိုက် ဂူခြေရင်းမှာ တင်ထား၏။

ဂူ၏ဝဲဘက်၌ ဒူးတုပ်ကာ ထိုင်လေ၏။ ရင်မီးအင်္ကျီအိတ်ထဲမှ လက်စွပ်တစ်ခုကို ထုတ်ယူ၍ သည်နေရာမှာဖြင့် သူ့လက် ရှိနေကောင်းရဲ့ ဟူသော အမှတ်ဖြင့် လက်စွပ်ကို ချထားလေ၏။ သူလုပ်ရန် ကြံထားသမျှ လုပ်၍ ပြီးလေပြီ။ ဂူပေါ်တွင် လက်တင်ကာ ပြန်ရန် စဉ်းစား၏။ မျက်ရည်များ အဖြိုင်ဖြိုင် ကျဆင်းလာလေ၏။ "အမလေး ကိုစံညွန့်ရဲ့ အီး အီး အီး" ဟု အသံထွက်အောင် ငိုကာ ဂူကို ဖက်လေ၏။ ဂူကို ဖက်ရသည်မှာ ကိုစံညွန့်ကို ဖက်ရသည်ဟု အယူရှိလေ၏။

တင်မေ၏ စိတ်ကူးဉာဏ်သည် မိမိတို့ လက်ထပ်ပြီးခါစ အချိန်သို့ ရောက်သွားပြန်လေ၏။ ထိုစဉ်က ချစ်စနိုးဖြင့် ကျီစယ်ကာ ပါးကို လိမ်ဆွဲလိုက်သော စံညွန့်၏ လက်ရာကလေးကို ယခုတိုင် အမှတ် ရရှာသေး၏။ ထိုစဉ်က အလွန်အကြူး ချစ်လှသဖြင့် စံညွန့်က "ဒီဘက်တိုးစမ်းပါကွယ့်"

တင်မေက "ဘာလုပ်မလို့လဲ။" စံညွန့်က "ဘာလုပ်လုပ်ကွာ" ဟု ပြောပြီး အလကားနေရင်း ဖက်ထားသည်များကို တသ လွမ်းဆွတ်မိလေ၏။ ညားကြသည့်နေ့က စ၍ သေသည့်တိုင် စံညွန့်သည် မိမိအား အမြဲချစ်သော လင်၊ မိမိအား စောင့်ရှောက်သော အစ်ကိုဥ စံညွန့်သည်ပင် မိမိအား ဆုံးမ သွန်သင်သော ဆရာ ဖြစ်ခဲ့၏။ တင်မေသည် ဆို့၍ ဆို့၍ လာလေ၏။ "အမယ်လေး ကိုညွန့်ရဲ့ အို ဦးညွန့်ကြီးရဲ့ ဘယ်သူ့ ယုံလို့ ပုံအပ်သွားတာလဲ၊ ကျွန်မ ဘယ်လို နေရစ်ခဲ့ရမလဲ။ ကျွန်မ မနေဘူး။ လိုက်ခဲ့မယ်" ဟု အသံထွက်၍ ငိုပြန်လေ၏။

www.xtrapapers.com



တင်မေသည် မယားအဖြစ် ရှစ်နှစ်မျှ ကြာခဲ့သော်လည်း အအိုရုပ် လုံးလုံးမဆောင်ချေ။ အသားရေမှာ စိုပြည် ဝဖြိုး၏။ တင်သားရင်သားတွေ တောင့်တင်း၏။ နဖူးရေ ဒူးရေ မတွန့်။ ပါးနှစ်ဖက်လည်း ဖောင်းကြွ စိုနီတုန်း ရှိသေး၏။ မျက်နှာ၏ လှပခြင်းသည်လည်း အမြဲပင် တည်နေလေ၏။ ထိုတွင် သမီး သား မရှိသဖြင့် တစ်ကြောင်း၊ မိုးလင်းလျှင် သူ့ကိုယ်သူ ဖီးလိမ်း ဝတ်ဆင်ခြင်း အလုပ်ကို ပထမဆုံး အလုပ်တာဝန်ထားသဖြင့် တစ်ကြောင်း ထိုအကြောင်းတို့ကြောင့် အပျိုဘဝက တင်မေ၏ တန်ဖိုးနှင့် အအိုဘဝက တင်မေ၏ တန်ဖိုး လွန်စွာ မခြားနားလှပေ။ ထို့ကြောင့်လည်း စံညွှန့်သည် မလျော့သော ချစ်ခြင်းဖြင့် တင်မေအား ချစ်ခဲ့ ကြင်နာခဲ့ မြတ်နိုးခဲ့လေသည်။ ထိုသို့ ချစ်ခင် ကြင်နာ မြတ်နိုးသော လင်မျိုးကို တင်မေသည် တစ်သက်တွင် ရတော့မှာ မဟုတ်ပါဘူးဟု အောက်မေ့လေ၏။ မိမိမှာ အသက်ရှင်နေသော်လည်း ဘဝဆုံးပြီဟု ယူကျုံးမရ ရှိလေ၏။

ဂူကိုမှီ၍ ငိုပြန်လေ၏။

သိန်းနေနွယ်၊ *တစ်ညတုန်းက* (၁၉၃၇)

www.xtrapapers.com



**2.**

## ပြတင်းမှန်မှာ နေရောင်လောင်ကျွမ်းနေပြီ

စာကလေးတွေရဲ့အသံကို ကြားရပြီ
ပြတင်းမှန်ကို နေရောင်ဟာ စတင်လောင်ကျွမ်းနေခဲ့ပြီပေါ့
ပါရမီဆိုတာ နက်ရှိုင်းတဲ့ ယုံကြည်မှု
လူနဲ့ လောကဓံတရား
ကျောက်ခေတ်လူသား မီးခတ်သလိုခတ်လို့
တရားသံဝေဂတွေလည်း ပွင့်မလာသေး။
မီးဖိုချောင်ထဲက အိုးခွက်ပန်းကန်တွေရဲ့ အသံတွေ
ဧည့်ခန်းထဲကလူတွေရဲ့ အသံတွေ
ဒီမဟာသံသရာကို ကော်နဲ့ကပ်သလိုကပ်ထားကြ
တစ်ယောက်ကို တစ်ယောက် ဖက်တွယ်ထားကြ
ဖြူပြာပြာ ကောင်းကင်ကြီးအောက်က
မျက်စိတစ်ဆုံးအိမ်ခေါင်မိုးတွေ
ယုံကြည်မှုဟာ မွေးဖွားယူရပါတယ်
ယုံကြည်မှုဟာ မွေးဖွားယူရပါတယ်လို့။
အိမ်ကပြေးထွက်ယှက်ဖြာနေတဲ့လမ်းတွေ
အဲဒီလမ်းတွေပေါ်မှာ နေရောင်ခြည်ဟာ ဝင်းပလို့
လောကထဲ လည်ပတ်နေတဲ့အမှန်တွေ
တစ်ယောက်နဲ့တစ်ယောက် တွေ့တော့
လှောင်ပြောင်ကြည့်ကြည့်ကြလို့
စဉ်းစားခြင်းစစ်စစ်တွေဟာ ခေတ်ကုန်သွားခဲ့ပြီလား
မေးခွန်းတွေကို လျှော့ချထားပါတယ်
သံသယတွေကို လျစ်လျူရှုထားပါတယ်
နှလုံးခုန်သံကို ဥပေက္ခာပြုထားပါတယ်။
ဆော့ခရတ္တိတစ်ယောက်
ဂယ်လီလီယိုတစ်ယောက်
နယူတန်တစ်ယောက်
အိန်းစတိန်းတစ်ယောက်
လူမျိုးဘာသာယဉ်ကျေးမှုစစ်ပွဲတွေ တစ်ခုပြီးတစ်ခု
စဉ်းစားခြင်းစစ်စစ်တွေဟာ ကမ္ဘာကြီးကို
ကယ်တင်နိုင်ခဲ့သလား။
အနည်းဆုံးအထိ လျှော့ချထားတဲ့ပရိုလူသား။
တံခါးကိုဖွင့်လိုက်တော့ အဓိပ္ပါယ်တစ်ချို့တစ်လေ
ဝင်လာလိမ့်မယ်
ဒါပေမယ့် လေကောင်းလေသန့်ကိုတော့ ရှူရှိုက်ကြရတယ်
မဟုတ်လား
ရွတ်ဖတ်သရဇ္ဈာယ်ကြပါစို့။
အဲဒီယုံကြည်မှုရေကို ဒို့နှလုံးသားများ နွေးထွေးရုံ
ဆွတ်ဖျန်းကြပါစို့။
စဉ်းစားခြင်းစစ်စစ်တွေ
အဓိပ္ပါယ်တွေ
ယုံကြည်မှုတွေ
ဟောဒီကောင်းကင်ကြီးအောက်မှာ မနာမကျင်ဘဲနဲ့
အမှန်တရားနဲ့ တွေ့လိုပါတယ်။

www.xtrapapers.com



စာငှက်ကလေးတွေရဲ့ အသံကို ကြားရပြီ
ပြတင်းမှန်မှာ နေရောင်ဟာ စတင်လောင်ကျွမ်းနေခဲ့ပြီ
ခြေကျင်းဝတ်နစ်တဲ့ယုံကြည်မှု ရေထဲမှာ
လူတွေ လျှောက်သွားနေကြပြီ။
အို . . . ဘုရားသခင်
တစ်ခုခုတော့ ပြောနိုင်ပါလိမ့်မယ်
တစ်ခုတော့ပြောနိုင်ရမယ် မဟုတ်လား
တစ်ခုခုတော့ ပြောခဲ့သင့်တယ် မဟုတ်လား
ဒီတစ်ခါ ပရိုမီးသီးယပ်ဟာ
ဆင်ခြင်တုံတရားနဲ့ ပျောက်ဆုံးနေတဲ့ ကမ္ဘာကြီးအတွက်
အမှောင်ကို ယူဆောင်လာလိမ့်မယ်။
ကျွန်တော်တို့ ဒီထက်ပိုပြီး မတတ်နိုင်တော့ဘူးလား
အို . . . ဘုရားသခင်
ပြတင်းမှန်မှာ နေရောင်လောင်ကျွမ်းနေခဲ့ပါပြီ။ ။

အောင်မိုး၊ *ဝန်တင်လိပ်ပြာ* (၂၀၁၃)